မြန်မာ့အလင်း
အတွဲ (၅၃)
အမှတ် (၃၂)
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ သောကြာနေ့။

## အပစ်အခတ်ရပ်စဲရေးများကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများ တက်လှမ်းနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိ

## နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း
(၁-၁၁-၂၀၁၃)

**မိဘပြည်သူများခင်ဗျား-**

ယခုလ ရေဒီယိုကနေ ပြည်သူလူထုထံ ဆက်သွယ်ပြောကြားတဲ့ အစီအစဉ်မှာ လက်ရှိ ဖော်ဆောင်နေတဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေရဲ့ ဖြစ်ထွန်းတိုးတက်မှုတွေကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ အောက်တိုဘာလကုန်ပိုင်းမှာ ကျင်းပပြုလုပ်လျက်ရှိသည့် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များ ပါဝင်တက်ရောက်နေတဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲကို ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ ဒီဆွေးနွေးပွဲဟာများ မကြာမီ ကျင်းပပြုလုပ်ရန် ပြင်ဆင်နေတဲ့ တစ်ပြည်လုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ဦးတည်ကျင်းပနေကြောင်းလည်း သိရှိရပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေဟာ အပြုသဘောဆောင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားနေတဲ့ ရေရှည်ခိုင်မာတဲ့ ငြိမ်းချမ်းရေးရရှိရန် ဦးတည် ဆွေးနွေးနေတယ်လို့ သိရတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ အထူးပင် ဝမ်းမြောက်မိပါတယ်။ ရလဒ်ကောင်းများ ရရှိပြီး တစ်ပြည်လုံး အတိုင်းအတာ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်း အားလုံး တက်ရောက်လာရန် ကြိုဆိုလျက်ရှိကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ ဒီနေရာကနေ ထပ်လောင်း ပြောကြားလိုပါတယ်။

တစ်ပြည်လုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်များကို အနည်းငယ် ရှင်းပြလိုပါတယ်။ ရည်ရွယ်ချက်များကတော့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးလိုခြင်း၊ ရေးထိုးပြီးဖြစ်သည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် အဆင့်ဆင့်ကို ထပ်လောင်းအတည်ပြုလိုခြင်းနှင့် လက်မှတ်ရေးထိုးပြီးသည်နှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်ကို စတင်လိုခြင်းကြောင့် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံအတည်ပြု ပြောကြားလိုတဲ့ကိစ္စကတော့ ယခုအကြိမ် ငြိမ်းချမ်းရေး တည်ဆောက်ရန် ကမ်းလှမ်းခဲ့ခြင်းသည် အပစ်အခတ်ရပ်စဲရေးအဆင့်တွင် ရပ်တန့်ထားရန် မဟုတ်ဘဲ ရရှိထားသည့် အပစ်အခတ် ရပ်စဲရေးများကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများကို တက်လှမ်းနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြောင်းပင်ဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်တစ်လျှောက်တွင် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ခြင်းမရှိဘဲ တိုင်းရင်းသားများ၏ အဆိုပြုချက် အားလုံးကို လက်ခံဆွေးနွေးခဲ့ကြောင်းကိုလည်း ရှင်းလင်း ပြောကြားလိုပါတယ်။ ဒီလို လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီလိုရရှိ အောင်မြင်ထားတဲ့ အပြန်အလှန် ယုံကြည်မှုကို အခြေခံပြီး မကြာမီ ကာလက ဖြစ်ပွားခဲ့သည့် စိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်ဖြစ်သည့် ဗုံးပေါက်ကွဲမှု ဖြစ်စဉ်များကို ဖြေရှင်းရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တာကိုလည်း အများအသိပင် ဖြစ်ပါသည်။ ဒါ့ကြောင့် မိမိတို့ရရှိထားတဲ့ အပြန်အလှန်ယုံကြည်မှုကို အခြေခံပြီး လက်ရှိ လိုင်ဇာမှာ ကျင်းပနေတဲ့ တိုင်းရင်း

သား ခေါင်းဆောင်များ၏ ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ခြင်းအဆင့်ကို အောင်မြင်စွာ တက်လှမ်းနိုင်မည်ဟု ကျွန်တော့်အနေနဲ့ မျှော်လင့်ယုံကြည်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးဖြစ်စဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နှေးကွေးသည်၊ မြန်ဆန်လွန်းသည် အစရှိသည့် ပြောကြားချက်များသည် ပြောကြားသူတို့၏ ရပ်တည်ချက်၊ ကြည့်မြင်သည့် ရှုထောင့်နှင့် တိုင်းတာသည့် စံချိန်၊ စံညွှန်းများပေါ်တွင် မူတည်မည်ဖြစ်ပါတယ်။ လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် အခြေခံဥပဒေဆိုင်ရာ နိုင်ငံရေး ဆွေးနွေးမှုများ၊ ပြောဆိုငြင်းခုံမှုများ၏ အနေအထားကို သုံးသပ်ကြည့်ရှုပါက မိမိတို့လူ့အဖွဲ့အစည်းတွင် ရှိရမည့် ဒီမိုကရေစီရေးဆိုင်ရာ အလေ့အကျင့်များ စတင်ရှင်သန်လာခြင်းဖြစ်သည်ကို ငြင်းဆို၍ မရသည့်အချက်အဖြစ် တွေ့ရှိရမှာဖြစ်ပါတယ်။ ဤအလေ့အကျင့်များ ဆက်လက်ရှင်သန် အမြစ်တွယ် ခိုင်မာရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေနှင့် မိမိတို့အားလုံး ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း ဆောင်ရွက်မှု နှေးကွေးသဖြင့် ဒီမိုကရေစီအရေးကို နှောင့်နှေးစေသည့် အစွန်းနှင့် မြန်ဆန်လွန်းသည့်အတွက် အလှမ်းကျယ်၊ အလယ်လပ်သည့် အစွန်းနှစ်ပါးကို ရှောင်ရှားပြီး မိမိတို့လူ့အဖွဲ့အစည်းအနေနှင့် လက်ရှိနိုင်ငံရေး အရှိတရားများကို အခြေခံသည့် လက်တွေ့ကျသည့် ရလဒ်များရရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်၍လည်း အစွန်းရောက်ခြင်းကို ရှောင်ရှားပြီး ပြည်သူလူထုအများစု၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံရေးစေတနာကောင်းများဖြင့် မိမိဖြစ်လိုသည့် ဆန္ဒထက် မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းကြောင်း၊ လက်ရှိနိုင်ငံရေး အခြေအနေနဲ့ ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်ရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို စဉ်းစားတွက်ဆပြီး ဓမ္မဓိဋ္ဌာန်ကျကျ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါတယ်။ကျွန်တော်တို့ ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးကိုရှေးရှုပြီး လက်ကျန် နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီကနေ နိုင်ငံရေးအကျဉ်းသား ၅၆ ဦးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသား တစ်ဦးတစ်ယောက်မှ မကျန်ရှိစေရအောင်လည်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ အောက်တိုဘာလအတွင်းမှာ ရခိုင်ပြည်နယ်ကို သွားရောက်ခဲ့ပါတယ်။ ကျွန်တော့် ခရီးစဉ်ကာလအတွင်း သံတွဲမြို့မှာ ပဋိပက္ခများ ဖြစ်ပွားခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်များကိုသုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အားလုံးကြိုးပမ်း တည်ဆောက်လျက်ရှိတဲ့ ပွင့်လင်းလွတ်လပ်သောလူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် စိန်ခေါ်မှုများ များစွာရှိနေသေးတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအနေနှင့် အတူတကွ လက်တွဲရင်ဆိုင်ဖြေရှင်းကြရဦးမှာဖြစ်ပါတယ်။ ပြဿနာများကို ဖြေရှင်းရာမှာ အခြေခံအကျဆုံးဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်ရေးကို ယခုထက်ပိုမို တိုးမြှင့်လုပ်ဆောင်ရန် ဒေသအာဏာပိုင်များကို ကျွန်တော့် အနေနဲ့ ညွှန်ကြားထားပြီး ဖြစ်သလို လူမှုရေး၊ ဘာသာရေးခေါင်းဆောင်များနဲ့ ရပ်မိရပ်ဖများကိုလည်း ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းနဲ့ ဖြေရှင်းဖို့ တိုက်တွန်းပြောကြားထားပြီးဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌရာထူးကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှာ ဘရူနိုင်းနိုင်ငံမှ လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံ ဥက္ကဋ္ဌရာထူးကို ၁၇ နှစ်အတွင်းမှာ ပထမဆုံးအကြိမ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခြင်းဟာ အာဆီယံအဖွဲ့ကြီးအနေနဲ့ သာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူလူထုနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနာဂတ်အပေါ်မှာပါ ယုံကြည်မှုရှိတဲ့အကြောင်းကို ပြသခြင်းလည်း ဖြစ်ပါတယ်။

ဒီလို အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်နိုင်ခြင်းဟာ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အရေးကြီးတဲ့ တာဝန်တစ်ခုကို ထမ်းဆောင်ခြင်းဖြစ်သလို တစ်ဖက်မှာလည်း မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့

နိုင်ငံရေးဖြစ်စဉ်နဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ တိုးတက်မှုတွေဟာ အာဆီယံဒေသတွင်းမှာ ဂုဏ်ယူနိုင်တဲ့အဆင့် ရောက်ရှိနေပြီဟု ယုံကြည်ပြီး တာဝန်လွှဲအပ်ခြင်း ခံရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားများအားလုံးအတွက် တာဝန်ထမ်းဆောင်ခြင်း ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

အာဆီယံဥက္ကဋ္ဌ တာဝန်ဟာ အာဆီယံအဖွဲ့ကြီးကို ဦးဆောင်မှုပေးရုံ သာမဟုတ်ဘဲ အာဆီယံ အဖွဲ့ကြီးနဲ့ ကမ္ဘာ့အင်အားကြီး နိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ ရုရှားနိုင်ငံတို့နဲ့ ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဦးစီးဦးဆောင် ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။ ၂၀၁၅ မှာ အာဆီယံစီးပွားရေး အသိုက်အဝန်းကို ဖော်ဆောင်နိုင်ဖို့ လိုအပ်တဲ့ လုပ်ငန်းတွေ၊ တာဝန်တွေလုပ်ဆောင်ဖို့ ရှိနေတဲ့အတွက် ကျွန်တော်တို့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရမယ့် လာမယ့်နှစ်ဟာဆိုရင် အလွန်အရေးကြီးတဲ့ နှစ်တစ်နှစ် ဖြစ်ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန်ကို ယူထားချိန်မှာ အာဆီယံဆိုင်ရာ အဆင့်တွေ့ဆုံပွဲတွေနဲ့ အစည်းအဝေးကြီးတွေကို လက်ခံကျင်းပပြုလုပ်သွားဖို့ရှိပြီး နိုင်ငံတကာဆိုင်ရာ အရေးကြီးကိစ္စရပ်များကိုလည်း ဦးဆောင် ဆွေးနွေးသွားရမှာ ဖြစ်ပါတယ်။

လာမယ့်နှစ်အတွင်းမှာ အာဆီယံအဖွဲ့ကြီးကို ဒေသတွင်း အင်အားစုတစ်ခုအနေဖြင့် အင်အား ကောင်းလာအောင် ဆောင်ရွက်သွားရမှာဖြစ်သလို အာဆီယံနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းအကြား ဆက်ဆံရေးတွေမှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဦးဆောင်သွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းနဲ့ နိုင်ငံတကာ ဆက်ဆံရေး ပုံစံသစ်တစ်ရပ်ကို ပြန်လည် တည်ဆောက်နေခြင်းရဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံခြားရေးမူဝါဒအရလည်း မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားသက်သက်ကို အကာအကွယ် ပေးရုံသာမကဘဲ နိုင်ငံတကာအသိုင်းအဝိုင်းမှာ တာဝန်သိတတ်တဲ့၊ တာဝန်ယူတတ်တဲ့ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာအောင်လည်း ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီလ ပြောကြားတဲ့ ကျွန်တော့်ရဲ့ တင်ပြပြောဆိုချက်များကို ခြုံငုံကြည့်မယ်ဆိုရင် မိမိတို့ လူ့အဖွဲ့အစည်းဟာ အရေးကြီးသည့် ကာလတစ်ခုကို ဖြတ်သန်းပြီး နိုင်ငံရေးဖြစ်စဉ်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တည်ဆောက်နေရတာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် အဆင့်ဆင့်မှာလည်း စိန်ခေါ်မှုများပြည့်နှက်နေပြီး ၎င်းစိန်ခေါ်မှုများကို အဆင့်အလိုက် ရင်ဆိုင်ဖြေရှင်းနေရချိန်လည်း ဖြစ်ပါတယ်။ တစ်ဖက်တွင် ပြဿနာမျိုးစုံဖြေရှင်းကျော်လွှားနေရသော်လည်း အခြားတစ်ဖက်တွင် အာမခံချက်ရှိသည့် မျှော်လင့်ချက်များကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ဒါကြောင့် ထိုမျှော်လင့်ချက်တွေကို အခြေခံပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် နိုင်ငံရေးဖြစ်စဉ်များ ရှင်သန်မှုကို မိမိတို့အားလုံး ပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော် တာဝန်ယူထားတဲ့ သက်တမ်းကာလအတွင်းမှာ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိအောင်၊ ပြည်သူတွေရဲ့လူမှုစီးပွားဘဝ ပိုမိုတိုးတက် ကောင်းမွန်လာအောင် နောင်အနာဂတ် မျိုးဆက်သစ်တွေအတွက်ပါ ပိုမိုကောင်းမွန် ပြည့်စုံတဲ့ ဘဝတွေ ပိုင်ဆိုင်လာကြဖို့အတွက် ရေရာသေချာတဲ့ အနာဂတ်တစ်ခုကို ရှေးရှုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိတ်ဆွေပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

*****************